ချမ်းသာကုန်းကျေးရွာ

ပဲခူးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ချမ်းသာကုန်းကျေးရွာ၊ ပဲခူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ ဧနီနဝါရီလ

မာတိကာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာနှင့် ပထဝီအနေအထား

(၂) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ငါးလုပ်ငန်း

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(၆) ပညာရေး

(၇) ကျန်းမာရေး

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၉) ကျား-မရေးရာ

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြုဇယား

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ချမ်းသာကုန်းကျေးရွာသည် ပဲခူးမြို့နှင့်ရန်ကုန်မြို့ဆက်သွယ်သော အမှတ်(၁)ကားလမ်းမ မှတစ်ဆင့် အင်းတကော်-ကဝ ကားလမ်းပေါ်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးဆိုက်ရာ ပဲခူးမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ချမ်းသာကုန်းကျေးရွာသည်ပဲခူးမြို့ မြေပြန့်ဒေသတွင်တည် ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ဥယျာဉ်ခြံလုပ်ငန်း၊ ကျပန်း(အရောင်း အ ဝယ်အမျိုးမျိုး၊ စက်ရုံအလုပ်ရုံဝန်ထမ်း၊ ပွဲစားစသည့်လုပ်ငန်း)၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ကြပါသည်။ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ ၈၀မှ၁၀၀လက်မ ဝန်းကျင်အတွင်း ရှိ ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတည် နေရာသည် ကုန်တွင်းပိုင်းတွင်တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်ပြီး ကျေးရွာအနီး တွင် တော၊ တောင်၊ မြစ်၊ ချောင်းများမရှိဘဲ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပါသည်။ လယ် ယာများသည် စပါးတစ်မျိုးတည်းကိုသာ အဓိကအားထားရာဖြစ်သည်။ရေကြီးရေလွှမ်းမိုးခြင်း ဒဏ် ကင်းလွတ်ပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှု ကင်းလွတ်သည်။

(၂)ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

ချမ်းသာကုန်းကျေးရွာသည် အရှေ့ဘက်တွင် ဥယျာဉ်ခြံများနှင့် လယ်ယာမြေများရှိပြီး အနောက်ဘက်၊တောင်ဘက်နှင့်မြောက်ဘက်အရပ်တို့တွင် အခြားသောကျေးရွာများနှင့် ရွာချင်း ဆက်အနေအထား ထိစပ်လျက်ရှိသည်။ ရွာချင်းဆက်ဆက်ထိစပ်လျက်ရှိသော ကျေးရွာများမှာ အနောက်ဘက်၌ ကျောင်ရွာကျေးရွာ၊တောင်ဘက်၌ တောင်ပို့လုံးကျေးရွာ၊ မှုံတိုင်းကျေးရွာ၊ မြောက်ဘက်၌ သပြေကုန်းကျေးရွာတို့ဖြစ်ကြသည်။ မြစ်၊ချောင်း၊အင်းအိုင်များမရှိသော်လည်း မိုးရွာသွန်းမှု ရာသီဥတု အသင့်အတင့်ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုသည်။ လယ်မြေအသင့်အတင့်ရှိပြီး မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်။ လယ်၊မြေ အသသင့်အတင့်ရှိပြီး မြေဆီလွှာအသသင့်အတင့်ကောင်းမွန်သည်။ လယ်၊မြေ(၆၇) ဧကခန့်ရှိပြီး ဆားငန်ရေဝင်ရောက်ခြင်း မရှိဘဲ စပါးတစ်မျိုးထဲကိုသာ ကောင်းမွန်စွာစိုက်ပျိုးလေ့ ရှိပြီး ဥယာဉ်ခြံလုပ်ငန်း(၁၃၇) ဧကခန့်ရှိပြီး မြေဇာကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေးအတွက် ကောင်းမွန်သည်။ သဘာဝတွင်းထွက် သယံဇာတပစ္စည်းများမရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ချမ်းသာကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေးနှင့် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၆)ဖွဲ့၊ဘာသာရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့နှင့် စီးပွားရေးအခြေခံ၍ လူမှုရေးအဖွဲ့(၁)ဖွဲ့ရှိသည်။ နာရေးကူညီမှု အသင်းမှာ ငွေကြေးအင်အားကို အခြေခံပြီး နာရေးနှင့် အခြားလူမှုရေးလုပ်ငန်းများကို ဆောင် ရွက်ပေးလျက်ရှိပြီး ဓမ္မစကြာအသင်းမှာ ဘာသာရေးနှင့်လူမှုရေးဆိုင်ရာ လုပ်ငန်းများကိုဆောင် ရွက်လျက်ရှိပြီး အခြားသောအသင်းအဖွဲ့များမှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးလုပ်ငန်း များကိုဦးစားပေးဆောင်ရွက်လျက်ရှိသည်။နာရေးအသင်းမှာလုပ်ငန်းဆောင်တာများ ဆောင်ရွက်

ရာတွင် အရှိန်အဟုန်အကောင်းဆုံးအသင်းအဖွဲ့တစ်ခုအဖြစ်ရပ်တည်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ ချိတ်ဆက်ဖွဲ့စည်းထားသော်လည်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရှိပ်က ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ချမ်းသာကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမဟုတ်သော်လည်း ရာသီဥတုကောင်းမွန်ခြင်း၊ ရေကြီးရေလျှံမှုနည်းပါးခြင်း၊ဆားငန်ရေဝင်ရောက်မှုမရှိခြင်း၊ မြေဆီလွှာအနေအထားအသင့်တင့်ကောင်းမွန်ခြင်းတို့ကြောင့် ဥယာဉ်ခြံလုပ်ငန်းနှင့် ရာသီအလိုက် သီးနှံများကို တိုးချဲ့စိုက်ပျိုးထုပ်လုပ်နိုင်သည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံးတို့၏ (၃၇)%သည် ဆင်းရဲ၍ အလွန်ဆင်းရဲသောအိမ်ထောင်စု(၂)%၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၅၁)%၊ ပြေလည်သောအိမ်ထောင်စု(၁၀)% ရှိသည်ဟု သတ်မှတ်ပြီး ကျေးရွာ၏ စီးပွားရေး ချမ်းသာကြွယ်ဝခြင်းမရှိသော်လည်း ဥယာဉ်ခြံလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် လက်သမား၊ ပန်းရံ၊ စက်ရုံအလုပ်ရုံဝန်ထမ်းစသည့် ကျပန်းလုပ်ငန်းအမျိုးမျိုးလက်လှမ်းမှီမှုရှိခြင်းကြောင့် စီးပွားရေးအသင့်အတင့်ကောင်းမွန်ပြီး လယ်ယာမြေဧက(၆၇) ဧကရှိပြီး မိုးစပါးကို အဓိကစိုက်ပျိုးပြီး နွေစပါးသီးထပ်စိုက်ပျိုးမှုအနည်းငယ်ရှိပြီး၊ ဥယာဉ်ခြံမြေ(၁၃၇)ဧကခန့်ရှိပြီး နှစ်ရှည်ပင် အမျိုးအစားသီးနှံများစိုက်ပျိုးနိုင်သည်။ မိုးစပါး၊နွေစပါး(၁)ဧကပျမ်းမျှအထွက်နှုန်းမှာ(၅၀)တင်းခန့် ထွက်ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ချမ်းသာကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်လုပ်ကိုင်သူ အလွန်နည်းပါးပြီး ကြက်၊ဝက်စသည်တို့ကိုမိမိအိမ်၌ တစ်နိုင်တစ်ပိုင် မွေးမြူခြင်းမျိုးသာတွေ့ရသည်။ တိရစ္ဆာန်အစာရရှိနိုင်ခြေနည်းပါးခြင်း ပလပ်မြေ၊စားကျက်မြေကဲ့သို့သော မြေလွတ်မြေရိုင်းနည်းပါးခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်ခြေနည်းပါးသည်။

(ဂ)ငါးလုပ်ငန်း

ချမ်းသာကုန်းကျေးရွာတွင် ငါးမွေးမြူရေးလုပ်ကိုင်ရန် မြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိပါ။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

ချမ်းသာကုန်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဥယာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းမှအပ အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားကဲ့သို့သော ကျပန်းလုပ်ငန်းအမျိုးမျိုး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ကိုယ်ပိုင်ဆိုင်၊ကုန်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းများ၊ခေါင်းရွက်ဗျက်ထိုး၊အစိုးရဝန်ထမ်း၊စက်ရုံအလုပ်ရုံဝန်ထမ်းစသည့်လုပ်ငန်း

တို့ဖြစ်ကြသည်။ စသည့်လုပ်ငန်းများမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက်ဝင်ငွေအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ အစိုးရဝန်ထမ်းများနှင့် စက်ရုံအလုပ်ရုံဝန်ထမ်းများ၏ လုပ်ခလစာမှာ (၁၆၀၀၀၀)မှ ပညာအရည်အချင်းနှင့်လုပ်သက်ပေါ်မူတည်၍ (၃)သိန်းထိရရှိနိုင်သည်။ လယ်ယာစိုက်ပျိုးရေး၊မွေးမြူရေးနှင့် လက်လီလက်ကားရောင်းဝယ်ရေးစသည့်လုပ်ငန်းများတွင် နေ့စားခ(၄၀၀၀)ကျပ်မှ (၆၀၀၀)ကျပ်ထိရရှိနိုင်သည်။ ဆံပင်အလှပြင်၊စက်ချုပ်စသည့် သင်တန်းပေးသူ ကျွမ်းကျင်လုပ်သားအများစု၊ နေ့စားလုပ်ခဝင်ငွေမှာ (၆၀၀၀)မှ (၈၀၀၀)ကျပ်ထိရရှိနိုင်ပြီး၊ ဆောက်လုပ်ရေး လက်သမား၊ပန်းရံလုပ်ငန်းများတွင် နေ့စားလုပ်ခဝင်ငွေမှာ(၅၀၀၀) ကျပ်မှ (၁၂၀၀၀)ကျပ်ထိရရှိသည်။ ကျေးရွာတွင်အလုပ် လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်းမွန်သည်။ အပ်ချုပ်၊ဇာထိုးပန်းထိုး၊ဆံပင်အလှပြင်၊မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ဝပ်ရှော့စသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများမရှိခြင်းကြောင့် ကျွမ်းကျင်လုပ်သားနည်းပါးသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ချမ်းသာကုန်းကျေးရွာတွင် တောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို အတိုးနှုန်းသက်သာစွာဖြင့် ချေးယူနိုင်ပြီး (၁)၎က(၁)သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး(၁၀)၎က အတွက်ချေးယူနိုင်သည်။ ပုဂ္ဂလိကချေးငွေဘဏ်များမှလည်း တစ်လလျှင်(၂.၅)% အတိုးနှုန်းဖြင့်ချေးယူနိုင်ကြပြီး ကာလတိုချေးငွေအဖြစ်(၁၂)လအထိ ချေးယူနိုင်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့်ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာ စည်းကမ်းပိုင်တွင် စည်းမျည်းစည်းကမ်းများတင်းကျပ်ထားသည်။ကျေးရွာ၏ရန်ပုံငွေအဖြစ် ဖွဲ့စည်းတည်ထောင်ထားသော ငွေကြေးအဖွဲ့အစည်းမှ တစ်နှစ်လျှင် (၂)ကြိမ် အိမ်ထောင်စုအားလုံး(၆၀၀၀၀)ဝန်းကျင်ခန့်ချေးယူနိုင်ပြီး အတိုးနှုန်းမှာ(၃)ကျပ်တိုးဖြစ်သည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ချမ်းသာကုန်းကျေးရွာသည် ရန်ကုန်၊မန္တလေးအမှတ်(၁)လမ်းမကြီးပေါ်မှ တစ်ဆင့် အင်းတကော် ကဝ ဆက်သွယ်ထားသော (၇)မိုင်ခန့်ရှည်လျားသော ကားလမ်းပေါ်တွင် တည်ရှိပြီး မော်တော်ဆိုင်ကယ်၊ကားစသည့်တို့သွားလာလုပ်ကိုင်မှုလွယ်ကူသည်။ လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ အသုံးပြုနိုင်ပြီး ကျေးရွာ၏ အိမ်ထောင်စုအားလုံး အသုံးပြုနိုင်သည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(၆) ပညာရေး

ချမ်းသာကုန်းကျေးရွာတွင် အလယ်တန်းအထိ ပညာသင်ကြားနိုင်သော အစိုးရစာသင်ကျောင်းရှိပြီး သွပ်မိုးအုတ်နံရံကာ၊ အင်္ဂတေအခင်း ကျောင်းဆောင်(၃)ခုဖြင့် ပညာသင်ကြားပေးလျက်ရှိပြီး ရွာသူရွာသားအားလုံးနီးပါးမှာ အနည်းဆုံးမူလတန်းအဆင့် ပညာရေးတက်မြောက်ကျပြီး သက်ကြီးရွယ်အိုလူနည်းစုအချို့မှာ စာပေတက်မြောက်ခြင်းမရှိကြောင်းတွေ့ရသည်။ အထက်တန်းပညာရေးစနစ်ကို ရွာမှ(၃) မိုင်ခန့်အကွာရှိ အ.ထ.က(ထုံးကြီး)ကျောင်း၌ သွားရောက်သင်ကြားနိုင်သည်။ ပညာရေးလက်လှမ်းမှီမှုရှိပါသည်။ ကျောင်းတွင် ပရိဘောဂတို့လုံလောက်မှုရှိပြီး ဆရာ၊ဆရာမဦးရေလုံလောက်မှုရှိပါသည်။

(၇) ကျန်းမာရေး

ချမ်းသာကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ MBBS လက်မှတ်ရ ဆရာဝန်တစ်ဦးထိုင်သော ပုဂ္ဂလိကဆေးခန်းတစ်ခုဖွင့်လှစ်ထားသဖြင့် ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမှီသည်။ ကျေးရွာနှင့်(၃.၅)ခန့်အကွာတွင် တိုင်နယ်ဆေးရုံတည်ရှိပြီး မိုင်(၃၀) ခန့်အကွာတွင် မြို့နယ်အစည်းအရုံး တည်ရှိသောကြောင့် ကျန်းမာရေးလက်လှမ်းမှီမှု ကောင်းစွာရရှိပြီး သောက်သုံးရေအတွက် အဝီစိတွင်း(စက်တပ်)များကို သုံးစွဲပြီး လုံလောက်မှုရှိသည်။ ယင်လုံအိမ်သာကိုသာ ဆောက်လုပ်သုံးစွဲကြသဖြင့် သောက်သုံးရေကြောင့် ဆက်စပ်ဖြစ်ပွားတက်သောရောဂါဖြစ်ပွားမှုနည်းပါးသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ချမ်းသာကုန်းကျေးရွာသည် ကုန်းတွင်းပိုင်း၊မြေပြန့်ဒေသတွင်တည်ရှိ၍ ရေကြီးရေလွှမ်းမိုးခြင်းမှ ကင်းဝေးပြီး မုန်တိုင်းဒဏ်ပြင်းထန်စွာခံရခြင်းမျိုးမရှိပါ။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်နည်းပါးခြင်းကြောင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

၉။ ကျား/မရေးရာ

ချမ်းသာကုန်းကျေးရွာတွင် ကျား/မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်း ကျား/မ တို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်းကျင့်သုံးကြပါသည်။ ကျားနှင့်မ အကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ချမ်းသာကုန်းကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည့်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများရှိကျား၊မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာအမျိုးသားများနှင့်အတူတူပင်ဖြစ်ပါသည်။သို့သော်ကျေးရွာတွင်နေ့တွက်လုပ်အား

ခင်ွေများမှာ အမျိုးသားများကပိုမိုရင်ကြပါသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့်အင်အား စိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခလျော့နည်းပြီးရင်ကြပါသည်။

အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေး အသင်းအဖွဲ့များတွင်မူ အမျိုးသမီးများပါဝင်မှု အသင့်အတင့်ရှိကြပါသည်။ ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ချမ်းသာကုန်းကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ် များကိုဇယားဖြင့်ဖော်ပြထားပါသည်။ ချမ်းသာကုန်းကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ် ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက် များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက် များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊အဖွဲ့အစည်းများ နှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိ ရန်လည်းလိုအပ်ပါသည်။ ချမ်းသာကုန်းကျေးရွာကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
၁	ကျေးရွာတွင်းရှိလမ်းများ အားဂဝံလမ်းအဆင့်မြှင့်တင်ခြင်းနှင့်ရေမြောင်းတူးဖော်ခြင်း	၁	√				
၂	ဥယျာဉ်ခြံများနှင့်ဆက်သွယ်သော ကျေးရွာအရှေ့ပိုင်လမ်းအားဂဝံလမ်းအဆင့်မြှင့်တင်ခြင်းနှင့်ရေမြောင်းတူးဖော်ခြင်း	၂		√			
၃	ကျေးရွာစာသင်ကျောင်းလမ်းအားကွန်ကရစလမ်းအဆင့်မြှင့်တင်ခြင်းနှင့် ရေမြောင်းများပြုပြင်ခြင်း	၃			√		
၄	ကျေးရွာတောင်ပိုင်းလမ်းအားမြေသားလမ်းအဆင့်မြှင့်တင်ခြင်း	၄				√	
၅	ကျေးရွာတွင်းရှိလမ်းများအားကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ရေမြောင်းများပြန်လည်တူးဖော်ခြင်း	၅					√

(၁၁) ချမ်းသာကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီးစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်
၁	ဦးမြသိန်း		(၇/ပခန(နိုင်)၀၆၄၈၁၂)	ဥက္ကဋ္ဌ
၂	ဦးအံကြီးမောင်		(၇/ပခန(နိုင်)၂၁၄၃၃၈)	အတွင်းရေးမှူး
၃	ဦးအောင်မင်းကြည်		(၇/ပခန(နိုင်)၀၆၅၄၆၁)	ဘဏ္ဍာရေးမှူး
၄	ဦးမျိုးကို		(၇/ပခန(နိုင်)၃၆၁၅၆၂)	စာရင်းကိုင်
၅	ဦးကြွယ်ထွန်း		(၇/ပခနိုင်(၀၆၅၂၆၃)	အဖွဲ့ဝင်
၆	ဒေါ်ဌေးကြည်		(၇/ပခန(နိုင်)၀၆၄၆၇၀)	အဖွဲ့ဝင်
၇	ဦးစိုးသိန်း		(၇/ပခန(နိုင်)၂၅၇၂၈၉)	အဖွဲ့ဝင်
၈	ဦးမောင်မောင်ထွန်း		(၇/ပခန(နိုင်)၂၂၆၁၈၈)	အဖွဲ့ဝင်
၉	ဦးကျော်လွင်		(၇/ပခန(နိုင်)၀၈၄၆၄၄)	အဖွဲ့ဝင်
၁၀	ဒေါ်သောင်းနု		(၇/ပခန(နိုင်)၀၆၄၇၈၂)	အဖွဲ့ဝင်
၁၁	ဒေါ်မေဖူးလွင်		(၇/ပခန(နိုင်)-)	အဖွဲ့ဝင်